# MYANMAR CHRISTIAN ASSEMBLY

"Proclaiming His Salvation Day After Day"

*196 ซ.เอกมัย16 สุขุมวิท.63 วัฒนา กรุงเทพฯ 10110*

*196 Soi Ekamai 16, Sukhumvit 63, Wattana, Bangkok 10110.*

*ตู้ ป.ณ.565 พระโขนง กรุงเทพฯ 10110, P.O.Box 565 Prakhanong Bangkok 10110 Thailand.*

---

အောက်တိုဘာလ၁၄၊ ၂၀၀၇

ခရစ်တော်၌ချစ်သော အမှုတော်ဆောင်၊ လုပ်ဖော်ဆောင်ဖက်များခင်ဗျား၊

အကြောင်းအရာ ၊ <u>ဧဝံဂေလိတရားဟောပွဲအတွက် ဆုတောင်းပါဝင်ပါရန် ဖိတ်ခေါ်ခြင်း။</u>

ယေရှုခရစ်တော်ရှင်သခင် ကောင်းကင်စည်းစိမ်ကိုစွန့်လျက် လောကသို့ကြွလာခြင်း၊ နှိမ့်ချစွာ မွေးဖွားလာခြင်းသည် အပြစ်သားများအယောက်အတွက် ဝမ်းမြောက်စရာဖြစ်သလို သင်နှင့်ကျွန်ုပ်တို့အတွက် ကယ်တင်ခြင်း ပြင်ဆင်ပေးသော ဘုရားရှင်အား ကျေးဇူးတင်လျှက် ဆက်လက်၍ ဘုရားအလိုတော်အတိုင်း အသက်ရှင်ကြပါစို့။

ထပ်မံ၍ ကယ်တင်ရှင် သခင်ယေရှုဘုရား ထံတော်မှ ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည် ဆရာနှင့်တကွ အသင်းတော်အမှုတော်ဆောင်များ ညီအစ်ကိုမောင်နှမအယောက်တိုင်းအပေါ် သို့ သက်ရောက်ပါစေကြောင်း **Myanmar Christian Assembly (MCA)** မှ နှုတ်ခွန်းဆက်သပါသည်။

သခင်ဘုရား၏ကျေးဇူးတော်သက်သက်ကြောင့် ဧဝံဂေလိတရားဟောပြောပွဲချပွဲများကို နှစ်စဉ်မပြတ် ဒီဇင်ဘာလ ( ၃ – ၅ ) ရက်နေ့ (ထိုင်းဘုရင်မင်းမြတ်၏မွေးနေ့) များတွင် (၁၃)ကြိမ်တိုင်တိုင် ကျင်းပခွင့်သလို လူပေါင်း ၇၀ မှ ၁၀၀ထိ မိမိအပြစ်များအတွက် နောင်တရခြင်း၊ သခင်ခရစ်တော်ရှင်အား မိမိကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံသူများ၊ ကယ်တင်ခြင်းစိတ်ချမှုရရှိခြင်းနှင့် အနာရောဂါငြိမ်းခြင်း ခံရသူများကိုတွေ့ရသလို ယမန်နှစ် ၂၀၀၇ တွင် ဆရာကြီးဦးတင် မောင်ထွန်း၊ ဆရာကြီးဦးမျိုးချစ်၊ ဆရာဦးကျော်ဝင်း၊ ဆရာဦးတင်မောင်ရီ၊ဆရာဦးမိုးဇက်၊ ဆရာဦးတင်မောင်ကြည်၊ ဆရာဦးညွန့်လှ နှင့် ဆရာမောင်မောင်ဟန် အမှုတော်ကြီးများ စုံညီစွာ လာရောက်ကြသောကြောင့် ဘုရားရှင်၏ ကျေးဇူးတော်အား မချီးမွမ်းဘဲ မနေနိုင်ပါ။






သက်သေခံသူ၊ အသက်တာ ပြောင်းလဲသူများ၏သက်သေခံခြင်း၊ ကျန်းမာခြင်း ရရှိခံစားရသူများနှင့် ဗတ္တိဇံ ခံယူသူ ၅၄ယောက်ကို ဘုရားရှင်ပြင်ဆင်ပေးပါ သည်။ ကယ်တင်သော အရှင်သခင် ၏ နာမတော်သည် ကမ္ဘာအဆက်ဆက် ဘုန်းကြီး ၍ မင်္ဂလာရှိပါစေသောဝ်။

ယခုနှစ်တွင်လည်း သာ၍ကြီးသောအမှု ဘုရားရှင်ပြုမည်ဟု ယုံကြည်လျက် ရိတ်သိမ်းရာအချိန်ဖြစ်သည့်အလျှောက် ဓမ္မမိတ်ဆွေ(၂၀၀)ယောက်ကိုဖိတ်ခေါ်၍ (၁၄) ကြိမ်မြောက်ဧဝံဂေလိ တရား ဟောပြောပွဲချခြင်းကို ဒီဇင်ဘာလ( ၄ မှ ၆)ရက်တိုင် **Avana Hotel** တွင်ပြုလုပ်ပါမည်။ ရန်ကုန်မှ ဆရာကြီးဦးတင်မောင်ထွန်း၊ ဆရာကြီးဦးမျိုးချစ်၊ ဆရာဦးကျော်ဝင်း၊ ဆရာဦးပီတာမိုင်းနတ်စ် နှင့် အမှုတော်ဆောင်ကြီးများ တော်တော်များလည်းဘုရားရှင်အလိုတော်ရှိလျှင် လာရောက် ပါဝင်ကြမည်ဖြစ်ပါသည်။ သတိယဆုတောင်းပေးစေလိုသည်မှာ

# MYANMAR CHRISTIAN ASSEMBLY

"Proclaiming His Salvation Day After Day"

*196 ซ.เอกมัย16 สุขุมวิท.63 วัฒนา กรุงเทพฯ 10110*

*196 Soi Ekamai 16, Sukhumvit 63, Wattana, Bangkok 10110.*

*ตู้ ป.ณ.565 พระโขนง กรุงเทพฯ 10110, P.O.Box 565 Prakhanong Bangkok 10110 Thailand.*


နှစ်စဉ်နှစ်တိုင်း ပုံမှန်လာလျှက်ရှိသော ဆရာဦးတင်မောင်ရီမှာ နေမကောင်းဖြစ်လျှက် ဆေးရုံတွင်ရှိနေပါသောကြောင့် အထူးသတိယလျှက် ဆုတောင်းပေးစေလိုပါသည်။

ဤကဲ့သို့ပြုလုပ်ရန် ရာထားသတ်မှတ်ကုန်ကျစရိတ်မှာ ဘတ်ငွေ ၄.၅သိန်း(US14,000$) ကုန်ကျမည် ဖြစ်ပြီး ၇၀%ကို ဘုရားရှင်၏ ပြင်ဆင်ပေးထားပြီ ဖြစ်ပါသည်။ ကျန်ရှိနေသေးသော ၃၀%အတွက် ညီအစ်ကိုမောင်နှမများ အသီးသီးနှင့် လက်တွဲလျှက် ဘုရားရှင်မြတ် ပြင်ဆင်ပေးခြင်းကို မျှော်လင့် ယုံကြည်ပါသည်။

သို့ပါ၍ သင့်အားစိတ်နှလုံးထိတွေ့ပါက အသင်းတော်အနေဖြင့် သော်လည်းကောင်း၊ တစ်ဦးခြင်း အနေဖြင့်သော်လည်းကောင်း၊ ဆုတောင်းပေးကြပါရန်ရှေးဦးစွာ နိုးဆော်ပါသည်။ ဘုရားရှင်သည် အလှူတော်ငွေ အားဖြင့် ပါဝင်ပါရန် စိတ်တို့ထိပါက လေးစားစွာ ဖိတ်ခေါ် ပါသည်။

**ထမ်းရွက်စရာရှိသောဝန်ခြင်းတို့ကို အချင်းချင်းကူညီ၍ ထမ်းရွက်ခြင်းအားဖြင့် ခရစ်တော်၏တရားကို ကျင့်ကြလော့။ (ဂလာတိ ၆း၂)**

<u>ဆက်လက်ဆုတောင်းပေးရန်အချက်များ။</u>

၁) ဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်လျှက် လမ်းပြမှုအတိုင်း လုပ်ဆောင်သွားနိုင်ပါမည် အကြောင်း၊ (၁တိ ၂း ၄)

၂) လာရောက်မည့်သူများ၏ နှလုံးသားများကို ယခုမှစ၍ ဘုရားရှင်ပြင်ဆင်လျှက် နှုတ်ကပတ်တော်မျိုးစေ့ ကျလျှက် အပင်ပေါက်ပါမည့် အကြောင်း၊ (၁တိ ၁း၅)

၃) တရားဟောအစီအစဉ်သို့ လာရောက်သောသူတိုင်း ခရစ်တော်အား မိမိ၏ကယ်တင်ရှင်အဖြစ် သိကြွမ်းပါမည့် အကြောင်း၊ ( ၁တိ ၂း ၄)

၅) ဘုရားရှင်၏အကွယ်အကာအားဖြင့် အစီအစဉ်တစ်ခုလုံးတွင် လုံခြုံစွာ လုပ်ဆောင်သွားနိုင်ပါမည် အကြောင်း၊ (ဆာလံ ၁၂၇)

၆) နှုတ်ကပတ်တော်ဝေငှမည့်သူ၊ ခရစ်တော်၏ကယ်တင်ခြင်းတရားကို ဟောပြောသောသူတိုင်း ဝိညာဉ်တော်၏ လမ်းပြမှုအတိုင်း ဟောပြောနိုင်ပါမည့်အကြောင်း၊ ကြားရသောသူတိုင်း ခရစ်တော်အား ကယ်တင်ရှင်အဖြစ် လက်ခံရရှိပါ မည်အကြောင်း၊

၇) ကျန်ရှိနေသေးသောရှိသော ဘဏ္ဍာတော်ငွေကို ဘုရားရှင်မှ အချိန်မှီ မစပါမည့်အကြောင်း၊

အမှုတော်မြတ်၌

(သင်းအုပ်ဆရာဦးဇော်မင်း) (သင်းအုပ်ဆရာဦးလဇွန်တူးဂျာ)

***<u>အလှူတော်ငွေအတွက်ပါဝင်လိုသောသူများ</u>***

*U Zaw Min, A/c no. 172-0-559-671. Saving Account, Bangkok Bank Co. Ltd, Sukhumvit 43 Branch" SWIFT Code* ***BKKBTHBK***

*သို့ တိုက်ရိုက်သွင်းပို့နိုင်ပါသည်။*

***ချက်လက်မှတ်ဖြင့် ပေးပို့လိုပါက***

*Payable to "U Zaw Min" and post it to Rev U Zaw Min, Senior Pastor, M.C.A, P.O.Box 368, Prakhanong Post Office, Bangkok 10110, THAILAND.*
*Contact person Rev U Zaw Min, amgthai@ksc.th.com after sending your donation with Thanks*